ဟိန်းလတ်

# မြေပုံမဲ့လမ်း

## The Uncharted Path



## မူရင်းစာရေးသူ၏ မှတ်ချက်

၁၉၅၃ ခုနှစ် ကျွန်တော် ၁၂ နှစ်သားအရွယ်တွင် ကိုရီးယားစစ်ပွဲပြီး၏။ နိုင်ငံက ရပ်ပျက်ဆင်းပျက် ဖြစ်သွားပြီ။ စစ်ကြောင့် အရပ်သား နှစ်သန်း သေဆုံးခဲ့၏။ လူသိန်းပေါင်းများ စွာ ဒုက္ခရာရ သို့မဟုတ် ပျောက်ဆုံးကြသည် ။ စစ်ပွဲကာလအတွင်း မိသားစုများ တကွဲတပြား ဖြစ်ကြသည် ။

စစ်ရပ်စဲသောစာချုပ် လက်မှတ်ထိုးပြီးသောအခါ ကျွန်းဆွယ်သည် နှစ်ခြမ်းကွဲသွား၏။ လူတော်တော်များများ သည် သူတို့ ချစ်သူခင်သူများ ထံမှ သတင်းမကြားရ၊ မမြင်ရသည် မှာ ဆယ်စုနှစ် လေးစုမျှ ကြာခဲ့၏။

ပြည်သူများမှာ အလုပ်မရှိကြ။ ဘာမှ လုပ်စရာ မရှိကြ။ သူတို့ မှာ စားစရာ မရှိ။ ကလေးအများ စုက မိဘမဲ့ဖြစ်ကြ၏။ အာဟာရ မပြည့်ဝကြ။ အများ စုသည် လမ်းပေါ်လှည့်လည်ကာ အစာရှာကြရသည် ။ သူတို့ အများ စုအတွက် နွေဦးသည် မည်သည့် အခါမှ ရောက်မလာ ။

ကျွန်တော်တို့ ကတော့ ဂရုစိုက်ပြုစုစောင့်ရှောက်သည့် အမေက ရှိ၍ ကံကောင်းပါသည် ။ ကျွန်တော်တို့ မိသားစုက အလွန်အမင်း ဆင်းရဲကြသော်လည်း ကျွန်တော်တို့ အတူတူနေကြ၏။ ကျွန်တော်၏ အစောဆုံး ကလေးဘဝ အမှတ်ရစရာမှာ ရပ်ကွက်ဈေးတွင် အမေ့ကို မုန့်ကူရောင်း ပေးခြင်း ဖြစ်သည် ။ အလုပ်မလုပ်ရသည့် နေ့ ဟူ၍ မရှိ။ အလုပ်သည်

ကျွန်တော့်ဘဝ၏ အစိတ်အပိုင်း။

ကျွန်တော့်အမေ၏ အိပ်မက်မှာ ဆင်းရဲမွဲတေမှုမှ လွတ်မြောက်ရေး မည်သည့် အခါမှ မဟုတ်။ သူက ကျွန်တော်တို့ ကို ချမ်းသာအောင်လည်း တစ်ခါမှ တွန်းမပို့ခဲ့။ သူ့ဘဝက ရှင်း၏။ ရိုးဖြောင့်၏။ သူက အမြဲပင် ကျေးဇူးတင်နေတတ်သည် ။ သူ၏ အိပ်မက်မှာ ကျွန်တော့်အစ်ကိုကြီးကို ကောလိပ်သို့ပို့ရေး သို့မဟုတ် မိသားစုအားလုံး က လေးတစ်ဦး၏ မွေးနေ့ပွဲ ဆင်နွှဲရေးသာ ဖြစ်၏။ သူ ဘာလုပ်လုပ် သူ့ရှိသမျှ အားလုံးကို ပေး၏။ ကျန်တာကို ထာဝရဘုရားရှင်က တာဝန်ယူသွားမည်ဟု ပင် ယုံကြည်ထား၏။ သည်းခံမည်။ ယုံကြည်မှုရှိမည်။ အလုပ်အကျွေးပြုမည်။ သူတစ်ပါးအပေါ် မေတ္တာထားမည်။

ကျွန်တော် ငယ်စဉ်တုန်းက တစ်နေ့ကျလျှင် ကျွန်တော် ပိုက်ဆံအများကြီးရလာလျှင် အမေ့ကို အဝတ်လှလှဝယ်ပေးမည်။ စားသောက်ဆိုင် ကောင်းကောင်း သို့ ခေါ်သွားမည်။ အတူတကွ ပင်လယ်ရပ်ခြားသွားကြမည်။ ၎င်းတို့ ကို လုပ်မည်ဟု ကတိပြုထား၏။

ယခုတော့ သိပါပြီ။

“နောင်မှ ” ဆိုသည် မှာ မရှိကြောင်း ယခု ကျွန်တော် သိပြီ။ ယခု ကျွန်တော် ကတိပြုထားသည် များ မလုပ်နိုင်ခဲ့။ ထို့ကြောင့် ဤစာအုပ်ကို ရေးပါသည် ။

ဤစာအုပ်သည် အမေ သင်ပေးခဲ့သမျှအများကြီးကို ကျေအောင်မဖော်ပြနိုင်ပါ။ သို့သော် ကြီးကျယ်မြင့်မြတ်သော မိခင်ကြီးကို ဂုဏ်ပြုစရာတော့ ဖြစ်နိုင်ပါသည် ။ ထို့အတွက် အမေဝမ်းသာမည်ဟု ကျွန်တော် ထင်ပါသည် ။

* * *

# နိဒါန်း

ယနေ့ ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား)သည် ကမ္ဘာပေါ်တွင် ၁၃ နိုင်ငံမြောက် စီးပွားရေးအကြီးမားဆုံးနိုင်ငံ ဖြစ်နေပြီ။

ဆဲလ်ဖုန်းများ ၊ ဆီမီးကွန်ဒပ်တာများ ၊ ရေယာဉ်ကြီးများ ၊ ဇိမ်ခံကားများ ထုတ်လုပ်သည် ။ ကမ္ဘာ့အမြင့်ဆုံး မိုးမျှော်တိုက်များ နှင့် အရှည်ဆုံး တံတားများ ဆောက်၏။

၎င်း၏ အားကစားသမားများ ၊ အနုပညာရှင်များ ၊ ဂီတပညာရှင်များ နှင့် သိပ္ပံပညာရှင်များ သည် ကမ္ဘာတစ်လွှားတွင် ကမ္ဘာကျော်များ အဖြစ် လူသိများ နေကြပြီ။

ဤမှတ်လောက်သားလောက် အောင်မြင်မှုများ သည် ပြီးခဲ့သော နှစ် ၆၀ အတွင်း ဖြစ်ပျက်ခဲ့၏။ တောင်ကိုရီးယားသည် မြောက်ကိုရီးယားနှင့် တစ်ချိန်လုံး တိုက်ခိုက်ရင်း ဖြစ်ထွန်းလာခဲ့သည် ။ ပြည်သူတို့ က ဤဖြစ်ရပ်ကြီးကို ကြိုးစားပြီး ရှင်းပြကြ၏။

အိမ်နီးနားချင်း နိုင်ငံတစ်ခုက နှစ်လေးဆယ်နီးပါး ကိုလိုနီအလုပ်ခံခဲ့ရသော ဤနိုင်ငံသေးသေးလေးက စစ်ကြောင့် အပျက်ပျက်အစီးစီး ဖြစ်ခဲ့ရသည့်ကြားမှ ယခုလို မည်သို့ ဖြစ်ထွန်းလာပါသလဲ။

လူများ စွာကို မေးကြည့်ပါ။ အဖြေမျိုးစုံ ရပါမည်။ အားလုံး မှန်လည်း မမှန်၊ မှားလည်း မမှား။

ဤစာအုပ်သည် လွန်ခဲ့သော နှစ် ၆၀ အတွင်း ကိုရီးယားပြည်သူများ ညီညွတ်စွာ လုပ်ဆောင်ခဲ့ကြမှု၏ ဇာတ်ကြောင်းစုံ သရုပ်ဖော်ကားချပ်ကြီးကို တစ်စိတ်တစ်ပိုင်း ခြယ်မှုန်းပြသရန် ကြိုးပမ်းမှုပင် ဖြစ်ပါသည်။ ကျွန်တော်သည် ဤမဟာခရီးကြီးတွင် ပါဝင်ဆင်နွှဲခွင့်ရသော အခွင့်အရေးတစ်ခု ရှိခဲ့၏။

ကျွန်တော်သည် ကျွန်တော့်ဘဝကို "ဟွန်ဒိုင်း" တွင် ၂၇ နှစ် မြှုပ်နှံကာ ပြည်တွင်းဆောက်လုပ်ရေး ကုမ္ပဏီငယ်လေးမှ နေ၍ ဝန်ထမ်းပေါင်း ၁၇၀,၀၀၀ ရှိသော ကမ္ဘာလုံးဆိုင်ရာ ကော်ပိုရေးရှင်းကြီးတစ်ခုအဖြစ် ပြောင်းလဲရာတွင် ကူညီခဲ့၏။

တစ်နှစ်ကို အမြတ်ငွေဒေါ်လာ ၄၀ ဘီလျံကျော်ရအောင် ကျွန်တော် စွမ်းဆောင်ပေးနိုင်ခဲ့၏။ အသက် ၃၅ နှစ်အရွယ် စီအီးအိုအနေဖြင့် ကမ္ဘာလှည့်ခဲ့၏။ ဆော်ဒီအာရေဗျ သဲကန္တာရများမှ ထိုင်းနိုင်ငံ တောကြီးမျက်မည်း၊ ထိုမှ ဆိုက်ဗေးရီးယားတန်ဒြာအထိ အခွင့်အရေးသစ်များ ရှာဖွေခဲ့၏။ ရှေ့တန်းကုန်သွယ်မှု မျက်နှာစာသစ်များ ဖွင့်ခဲ့၏။

နိုင်ငံရေးသမားများ ၊ အာဏာရှင်များ မျိုးစုံနှင့် ကြုံတွေ့ဆက်ဆံခဲ့ရ၏။ နိုင်ငံပြန်ရောက်သောအခါ အာဏာရှင်ဆန်သော အုပ်ချုပ်သူများ နှင့် ဆက်ဆံရ၏။ အန္တရာယ်တွေ ကြုံခဲ့ရ၏။

တစ်ခါကဆိုလျှင် ဝေးမြေရပ်ခြားတွင် ကျွန်တော်တို့ ရုံးကို လူတစ်စုက လာလုယက်ရင်း အသက်ခံရလုနီးပါး ဖြစ်ခဲ့၏။

ကိုရီးယားသမိုင်းကား မည်သည့် အခါမှ ချောချောမွေ့မွေ့ မရှိခဲ့။ စစ်ပွဲများ ပြီးတော့ ကိုလိုနီ ဖြစ်ခဲ့၏။ ထိုနောက် စစ်အာဏာရှင်။ နှစ်ဘက်စလုံး ပျက်စီးစေသော စစ်ပွဲများ ။ သဘောတရားတိုက်ပွဲများ ။ ဒေသဆိုင်ရာ ခွဲခြမ်းမှုများ ။ လူမှုရေးပြဿနာများ ။

စိန်ခေါ်မှုများ သည် တစ်ခါတစ်ရံ ပြင်းထန်၏။ ထိုအချိန်များ အတောအတွင်း စီးပွားရေးလုပ်ငန်းရှင် တစ်ဦးအနေဖြင့် ပိုက်ဆံရှာရုံမျှသာ မဟုတ်။ မိမိတို့ နိုင်ငံ ခိုင်မာတောင့်တင်းအောင်လည်း လုပ်ခဲ့ရသေးသည် ။

လူထောင်ပေါင်းများ စွာ ပြည်ပထွက်ပြီး မိုင်းလုပ်သားများ ၊ ဆောက်လုပ်ရေးလုပ်သားများ လုပ်ကာ သူတို့ သားသမီးများ ချောင်ချောင်လည်လည် နေနိုင်အောင် ပိုက်ဆံရှာကြရ၏။ သူတို့ ပြန်ပို့သောငွေများ ဖြင့် ၁၉၇၃ ခုနှစ် ပထမဆုံး အာရပ်ရေနံပိတ်ဆို့မှုကိစ္စရပ်တွင် ကိုရီးယားနိုင်ငံ ဒေဝါလီခံရမည့် အဖြစ်သနစ်မှ ကယ်တင်နိုင်ခဲ့သည် ။

အမျိုးသမီးများ ထောင်နှင့် ချီပြီး ဂျာမဏီတွင် သူနာပြုသွားလုပ်ကြကာ၊ သူတို့ ၏ မောင်ဖွားများ ကျောင်းတက်နိုင်အောင် ငွေပြန်ပို့ပေးကြသည် ။ ထိုကလေးများက နောင်အခါ ကျောင်းဆရာများ ၊ ဂီတပညာရှင်များ ၊ သိပ္ပံပညာရှင်များ ဖြစ်လာကြ၏။

စွန့်လွှတ်အနစ်နာခံမှု - ၎င်းသည် ကျွန်တော်တို့ ၏ ဆေးရောင်စုံရုပ်ပုံကားချပ်ကြီး ပိုမိုအရောင်သွေးစုံ ပိုမိုလှပအောင် ဖန်တီးနိုင်ခဲ့၏။

ကျွန်တော်သည် မိသားစုနှင့် နေရသည့် အချိန် နည်း၏။

ထိုစဉ်ကာလက ကျွန်တော်တို့ အားလုံး၏ အသည်းအသန်လိုလားချက်များ ပိုမိုကောင်းမွန်သော ဘဝများ ရရှိရေးပင် ဖြစ်သည် ။

ထို့ကြောင့် ပင် မဖြစ်နိုင်ဟု အများက ထင်ကြသော ကိစ္စများကို ကျွန်တော်တို့ လုပ်ဆောင်ပြနိုင်ခဲ့၏။

ဤစာအုပ်ကို ၁၉၈၅ ခုနှစ်တွင် ကိုရီးယားဘာသာဖြင့် စတင်ထုတ်ဝေခဲ့၏။

၂၀၁၁ ခုနှစ်တွင် "ဟွန်ဒိုင်း" မှ ထွက်ခွာ လာပြီး ဘဝကို ထပ်မံတိုးချဲ့ ဖြည့်စွက်ရေးသားခဲ့၏။

ဤစာအုပ်၏ ရည်ရွယ်ချက်မှာ အတိတ်ကာလကို တွယ်ကပ်နေရန် မဟုတ်။

သူတစ်ပါးကို မည်သို့အသက်ရှင်သန်ရမည်ကို ပြောပြသော စာအုပ် လည်း မဟုတ်။

ဤစာအုပ်တွင် နေရာဒေသ အသီးသီးမှ ၊ ပြည်သူများကို နိုင်ငံရေး သမားများ ၊ စွန့်စားတီထွင် စီးပွားရေးလုပ်ငန်းရှင်များ နှင့် အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာစေရန်၊ သူတို့ ၏ အိပ်မက်များကို အကောင် အထည်ဖော် လှုံ့ဆော်ပေးရာတွင် အကူအညီဖြစ်စေရန်သာ မျှော်လင့်ပါ သည် ။

ကျွန်တော်တို့ ၏ လူငယ်ခေါင်းဆောင်များ အနေဖြင့် အနက်ရှိုင်းဆုံး သမုဒ္ဒရာများကို စူးစမ်းရှာဖွေ၊ ရောဂါများ အတွက် ကုသရန် ဆေးသစ်များ တီထွင်၊ သန့်စင်သော စွမ်းအင်ရင်းမြစ်များ ဖော်ထုတ်ပြီး ဤကမ္ဘာကြီး ပိုမိုကောင်းမွန်ရေးကို လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါ သည် ။

စိန်ခေါ်မှုများက ထိတ်လန့်မှုကို မကြာခဏ မီးမွှေးပေးတတ်သည် ။

သို့သော် ၎င်းတို့ သည် ပြည်သူတို့ ၏ အကောင်းဆုံးများကို ဖော်ထု တ်ပေးနိုင်စွမ်းသည် ။

ကျွန်တော်တို့ ၏ အကောင်းဆုံး အချိန်ကာလများ သည် ကျွန်တော် တို့ ရှေ့တွင် ရောက်နေပါသည် ။

ထို့ကြောင့် ကျွန်တော်တို့ ၏ အနာဂတ်ခေါင်းဆောင်အားလုံး

ခင်ဗျား - ကံကောင်းကြပါစေ။

နှစ်သစ်ပျော်ရွှင်ဖွယ်ရာခရီးကို သာယာကြည်နူးစွာ လျှောက်လှမ်းနိုင်ကြပါစေ။

အီမြောင်ဘတ်

* * *